မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

May 18, 2026 Volume 102 , Number 11


**၁၈ ၅. ၂၀၂၆**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၃.၄၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၁.၅၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၀၅.၀၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၅၀၂.၂၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၈.၈၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၈၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၀.၃၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၂၈.၁၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၄၆ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀

ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပြည်ပသို့ ရေငန်ထွက်ကုန်ပစ္စည်း အအေးခဲတင်ပို့မှုထက် အရှင်တင်ပို့နိုင်ပါက နိုင်ငံခြားငွေ တိုးမြင့်ရရှိလာမည်



တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းနှင့်မြိတ်တို့မှ ပြည်ပသို့ရေငန်ထွက်ကုန်များကို အအေးခဲ၍ နှစ်စဉ်တင်ပို့လျက်ရှိရာ တိုက်ရိုက်အရှင်တင်ပို့နိုင်ပါက နိုင်ငံခြားဝင်ငွေ ပိုမိုရရှိလာမည်ဖြစ်သည့်အပြင် ရေထွက်ကုန်အရှင် တင်ပို့သော ဈေးကွက်သစ်တစ်ခုရရှိလာမည်ဖြစ်ကြောင်း သိရသည်။

ပြည်ပသို့ ရေငန်ထွက်ကုန် ငါး၊ ပုစွန်တင်ပို့ရာတွင် တနင်္သာရီတိုင်းဒေသကြီးသည် အခြားဒေသတို့ထက် နှစ်စဉ်တိုးမြှင့်တင်ပို့လျက်ရှိရာ ၂၀၂၄ - ၂၀၂၅ဘဏ္ဍာနှစ်၌တစ်နိုင်ငံလုံးရေထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၂၅ သန်းခန့်ရရှိခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးမှ ၃၀၃ ဒသမ ၆၂ သန်း ကုန်ကြမ်းအဖြစ် တင်ပို့နိုင်ခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီးရေဖြူမြို့၊ ကျွန်းစုမြို့နယ်၊ ပုလောမြို့နယ်နှင့်ကော့သောင်းမြို့နယ်တို့၌ ပုစွန်၊ ကျောက်ငါး၊ ကကတစ်၊ ကဏန်းပျော့၊ ဂျင်းခရုနှင့် ပင်လယ် ရေမှော်တို့ကို မွေးမြူထုတ်လုပ်၍ ပြည်ပသို့တင်ပို့လျက်ရှိသည်။ သန့်ရှင်းလတ်ဆတ်မှုကြောင့် ကြိုက်နှစ်သက်ကြပြီး ကျောက်ပုစွန်နှင့် ရေငန်ပုစွန်များကို အရှင်တင်ပို့နိုင်ပါက ပြည်ပဝင်ငွေပိုမိုရရှိလာမည် ဖြစ်သည့်အတွက် ရေထွက်ကုန်လုပ်ငန်းရှင်များကလည်း စိတ်အားထက်သန်လျက်ရှိသည်။

မြိတ်ကျွန်းစု မွေးမြူရေးကန်များမှ ထွက်ရှိသည့် ပနားမီးပုစွန်ဖြူများကို တရုတ်နှင့်ဂျပန်နိုင်ငံသို့ တင်ပို့လျက်ရှိပြီး တရုတ်သို့ပြုတ်ထားသော ပနားမီးပုစွန်နှင့် ဂျပန်သို့ အအေးခဲပြုလုပ်၍ ရေလမ်းကြောင်းမှ တင်ပို့လျက် ရှိသည်။

"လက်ရှိ အအေးခဲတင်ပို့နေပါတယ်။ အရှင်တင်ပို့နိုင်မယ်ဆိုရင် အကျိုးအမြတ်ပိုပြီး ရရှိလာမှာပါ၊ အဓိကကျောက်ပုစွန်၊ ကင်းပုစွန်နဲ့ ပနားမီးပုစွန်ဖြူအရှင်တင်ပို့ဖို့ အဆင်ပြေနေ

ပါပြီ၊ ရောင်းအားကောင်းပြီး မွေးမြူသူပိုများလာတဲ့အတွက် နိုင်ငံအတွက်လည်း နိုင်ငံခြားငွေပိုရလာမှာပါ။ မြိတ်လေဆိပ်ကနေ တရုတ်၊ ဂျပန်ကို တိုက်ရိုက်အရှင်တင်ပို့နိုင်ပြီဆိုရင် ပို့ကုန်နှစ်ဆတိုးမြှင့်နိုင်ပြီး ရေထွက်ကုန်အရှင်တင်ပို့မှု ဈေးကွက်တစ်ခုရရှိလာမှာပါ”ဟု တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူးက ပြောသည်။

လက်ရှိတွင် တနင်္သာရီတိုင်းဒေသကြီးမှ ငါး၊ ပုစွန်နှင့် ဂျင်းခရုအရှင်များကို မြိတ်မှ ထိုင်းနိုင်ငံသို့တင်ပို့ပြီး ထိုမှတစ်ဆင့် တရုတ်နိုင်ငံသို့လေကြောင်းဖြင့် ဆက်လက်တင်ပို့လျက်ရှိရာ ကုန်ကျစရိတ်များမှုကြောင့် အမြတ်နည်းသော်လည်း ကုန်စည်စီးဆင်းမှုမပြတ်စေရေး ဆက်လက်တင်ပို့လျက်ရှိသည်။ ကုန်ချောအဖြစ်တိုးမြှင့် ထုတ်လုပ်ခြင်းနှင့် အရှင်တင်ပို့နိုင်မည်ဆိုပါက ယခုထက်ပိုမိုပြီး ရေထွက်ကုန်မွေးမြူထုတ်လုပ်မှု တိုးတက်လာမည်ဖြစ်သည့်အပြင် ရေထွက်ကုန်အရှင်တင်ပို့သော ဈေးကွက်သစ်တစ်ခုရရှိပြီး နိုင်ငံခြားဝင်ငွေ တိုးတက်လာမည် ဖြစ်ကြောင်း သိရသည်။

Source : https://www.myawady.net.mm/

## Build Smart & ပြည်တွင်းထုတ်ကုန်ပြပွဲသို့ လာရောက်လေ့လာသူ ၃၀၀၀ ကျော်ရှိ




Build Smart & ပြည်တွင်းထုတ်ကုန်ပြပွဲကို ရန်ကုန်မြို့ ၊ Yangon Convention Center မှာ မေ ၁၅ ရက်ကနေ ၁၇ ရက်အထိ သုံးရက်ကြာ ကျင်းပပြုလုပ်ခဲ့ပြီး စီးပွားရေး လုပ်ငန်းရှင်တွေနဲ့ စိတ်ဝင်တစား လာရောက်လေ့လာသူ လူဦးရေ ၃၀၀၀ ကျော်ရှိခဲ့ကြတယ်လို့ Builder Mall Company တည်ထောင်သူနှင့် CEO ဒေါက်တာတေဇာဟိန်း က ပြောပါတယ်။

အခုပြပွဲကို Builder Mall Expo က စီစဉ်သူအနေနဲ့ ကြီးမှူးပြီး MCEF နှစ်(၃၀)ပြည့် ပုလဲရတု အထိမ်းအမှတ်အဖြစ် ကျင်းပတာဖြစ်ပြီး ပြပွဲမှာ ဆောက်လုပ်ရေးကုမ္ပဏီ၊ အိမ်ခြံမြေစီမံကိန်းနဲ့ အိမ်ဆောက်ပစ္စည်း ပြခန်းတွေအပါအဝင် ပြခန်းပေါင်း ၁၅၀ ကျော် ပါဝင်ပြသခဲ့တာဖြစ်ပါတယ်။

ပြပွဲ ၃ ရက်တာအတွင်း အကျိုးဖြစ်ထွန်းမှုတွေ ရရှိခဲ့သလို ပြခန်းတွေအနေနဲ့လည်း ၉၀ ရာခိုင်နှုန်း နီးပါးလောက် အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ ဒေါက်တာ တေဇာဟိန်းက ပြောပါတယ်။

ပြပွဲကို စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်ဖို့လာကြတာရှိသလို တချို့ကလည်း ကိုယ်စားလှယ်ယူချင်တဲ့သူတွေ နဲ့ လက်လီဝယ်ယူပြီး ထုတ်ကုန်အသစ်တွေကို စမ်းကြည့်ချင်တာတွေအတွက် လာရောက်ကြတာ ဖြစ်တယ်လို့ ဆိုပါတယ်။ ဒါ့ပြင် Builder Mall Expo အနေနဲ့ တစ်နှစ်အတွင်း အခုလို ပြပွဲတွေကို ပြည်တွင်းမှာ ၂ ပွဲ နဲ့ ပြည်ပမှာ ၁ ပွဲ စုစုပေါင်း ၃ ပွဲကို ကျင်းပပြုလုပ်သွားမှာ ဖြစ်တယ်လို့ သိရပါတယ်။

**Source : https://onenewstvchannel.com/**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင်၁၁-၅-၂၀၂၆ မှ ၁၅-၅-၂၀၂၆ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်)ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2026 Crop) ကျပ် ၃,၀၆၉,၀၀၀၊ မတ်ပဲ SQ/RC (2026 Crop) ကျပ် ၃,၃၉၄,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကျပ် ၃,၀၃၈,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2026 Crop)ကျပ် ၂၇,၀၀၀ မတ်ပဲ SQ/RC (2026 Crop)မှာ ကျပ် ၃၂၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2026 Crop)

ကျပ် ၇,၀၀၀ အသီးသီးဈေး ဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC(2026 Crop) ကွန်တိန်နာ ၂၇၅ လုံး (တန်ချိန် ၆၆၀၀) နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကွန်တိန်နာ ၂၀ လုံး (တန်ချိန် ၄၈၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2026 Crop) ကွန်တိန်နာ ၇၀ လုံး (တန်ချိန် ၁၆၈၀) နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကွန်တိန်နာ ၅၀ လုံး (တန်ချိန် ၁၂၀၀) ဝင်ရောက်ခဲ့ သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC(2026 Crop) ကွန်တိန်နာ ၂၀၅ လုံး (တန်ချိန် ၄၉၂၀) လျော့နည်းဝင်ရောက်ခဲ့ပြီး ပဲစင်းငုံ Red/ RC (2026 Crop) ကွန်တိန်နာ ၃၀ လုံး (တန်ချိန် ၇၂၀) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၁၃,၀၀၀၊ မြားနီ(သစ်) ကျပ် ၁၅,၀၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၃၀,၀၀၀ ၊ဟသာ်တ မိုးထောင် ကျပ် ၁၂,၅၀၀ နှင့် မြစ်ဝ(ပု) ကျပ် ၂၇,၀၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆင်ဖြူကျွန်း (ပု) ကျပ် ၁၀၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်ငရုတ်များ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည်အိတ်ပေါင်း ၉၀၀၀ (၁၈၀,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ် ပေါင်း ၃၅၀ (၅,၂၅၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၅၃၀၀ (၁၀၆,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ် ပေါင်း ၃၁၀ (၄,၆၅၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည်အိတ်ပေါင်း ၃၇၀၀ (၇၄,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၄၀ (၆၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ်(သစ်) ကျပ် ၅၀၀၀ နှင့် မန်ကျည်းအသား(သစ်) ကျပ် ၇၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးများဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာ နှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒုံး) ကျပ် ၄၄၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၆၃၀၀၊ ပခုက္ကူကြိမ်း (သစ်)ကျပ် ၄၆၀၀၊ ကြံသကာ ကျပ် ၄၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၃၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာနှင့် သကြားများဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၁-၅-၂၀၂၆ မှ ၁၅-၅-၂၀၂၆ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့ နှင့် မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၃၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၃၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၂၅၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၅၅၀ ၊ မုံရွာသစ်ရှယ် ကျပ် ၂၃၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၂၂၀၀ ၊ မုံရွာလတ်သန့် ကျပ် ၂၂၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၆၅၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၁၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၅၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၅၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၅၀၊ မုံရွာသစ်ရှယ် ကျပ် ၅၀ ၊ မုံရွာလတ်ကြီး ကျပ် ၂၅၀ ၊ မုံရွာလတ်သန့် ကျပ် ၁၅၀ နှင့် မုံရွာလတ်ချော ကျပ် ၁၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က

ကားစီးရေ ၁၃၉ စီး (၈၃၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၈၄ စီး (၅၀၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၅၅ စီး ( ၃၃၀,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၈၀၀၀၊ အောင်ပန်းထူး -၂ ကျပ် ၄၈၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၈၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၆၈၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၈၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ကြူကုတ်(ရှယ်) ကျပ် ၁၅၀၀ အောင်ပန်းထူး -၂ ကျပ် ၂၀၀၊ အောင်ပန်းထူး-၃ ကျပ် ၂၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၂၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၅၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၅၉၅၀ (၁၇၈,၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ်ရေ ၃၇၅၀ (၁၁၂,၅၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၂၂၀၀ (၆၆,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့မှ အာလူးများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်း A1 ကျပ် ၁၅၀၀၊ အောင်ပန်း OK ကျပ် ၂၂၀၀၊ အောင်ပန်း S1 ကျပ် ၂၂၀၀ နှင့် အောင်ပန်း S2 ကျပ် ၁၉၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အောင်ပန်း A1 ကျပ် ၂၀၀ အောင်ပန်း OK ကျပ် ၁၀၀၊ အောင်ပန်း S1 ကျပ် ၁၀၀ နှင့် အောင်ပန်း S2 ကျပ် ၁၀၀ အသီးသီးဈေးမြင့် တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က အာလူးကားစီးရေ ၅၉ စီး (၃၅၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် အာလူးကားစီးရေ ၃၇ စီး ( ၂၂၂,၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၂၂ စီး (၁၃၂,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်တိုင်းဒေသကြီး ကြက်ဘဲဈေးသို့ တစ်ရက်လျှင် ကြက်အဝင် ၈၀,၀၀၀ ခန့်ဝင်ရောက်လျက်ရှိ




ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကြက်၊ ဘဲဈေးသို့ တစ်ရက်လျှင် ကြက်အဝင် ပိဿာ ၈၀,၀၀၀ ခန့် ဝင်ရောက်နေပြီး အများစုမှာ အသားတိုးကြက်များဖြစ်ကြောင်း ကြက်၊ ဘဲဈေးမှ ကြက်၊ဘဲရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူအချို့ထံကသိရပါတယ်။

နေ့စဉ် ကြက်ဝင်ရောက်မှုများတွင်လည်း အသားတိုးကြက်၊ ဒံပေါက်ကြက်၊ ဥစားကြက်များနှင့် ဥနှုန်းကျလာ၍ ရောင်းထုတ်ကြသည့် ဥတုံးကြက်ခေါ် ကြက်နီမနှင့်မြန်မာကြက်တို့ဖြစ်ပြီး အသားတိုးကြက်ဝင်ရောက်မှုက အများဆုံးဖြစ်ကြောင်း သိရ ပါတယ်။

"မင်္ဂလာတောင်ညွန့် ကြက်၊ ဘဲဈေးကို နေ့စဉ် ကြက်အဝင်က ပိဿာ ရှစ်သောင်းလောက်ဝင်တယ်။ အရင်လတွေကလည်း ဒီလောက်ပါပဲ၊ အသားတိုးကြက်ကတော့ အများဆုံးဝင်ပါတယ်၊ တစ်ရက်ကို ပိဿာခြောက်သောင်းလောက်ရှိတယ်၊ စားသုံးမှုကလည်း အသားတိုးကြက်ကပိုများတယ်။ သူက ဈေးနှုန်းအားဖြင့်လည်းသက်သာတယ်" လို့ ကြက်၊ ဘဲ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောပါတယ်။

အဆိုပါ ကြက်၊ ဘဲဈေးသို့ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ မွေးမြူရေးခြံများမှ ကြက်များဝင်ရောက်ပြီး ထိုမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်အချို့သို့ ပြန်လည် ဖြန့်ဖြူးရောင်းချနေတာပါ။

ပြည်တွင်းမွေးမြူမှုအနေဖြင့် အသားတိုးကြက်ကို အများဆုံးမွေးမြူနေပြီး ဒံပေါက်ကြက်၊ ဥစားကြက်နှင့် ဥတုံးကြက်ခေါ် ကြက်နီမတို့ကိုလည်း မွေးမြူကြသလို မွေးမြူပုံနှင့် ဈေးကွက်အနေအထား တူညီမှုမရှိသည့် တိုင်းရင်းကြက်ခေါ် မြန်မာကြက်များကိုလည်း အသင့်အတင့် မွေးမြူကြကြောင်း သိရပါတယ်။

Source : MyanmarFutureNewsAgency

## အာရှဆန်ဈေးကွက် – ဝယ်လိုအားနည်းခြင်းနှင့် ရူပီးငွေတန်ဖိုးကျဆင်းခြင်းကြောင့် အိန္ဒိယဆန်ဈေးနှုန်းများ ကျဆင်း

ယခုတစ်ပတ်အတွင်း ဝယ်လိုအားနည်းပါးခြင်းနှင့် အိန္ဒိယရူပီးငွေတန်ဖိုး စံချိန်တင်ကျဆင်းသွားခြင်းတို့ကြောင့် အိန္ဒိယဆန်တင်ပို့မှုဈေးနှုန်းများကျဆင်းခဲ့ပြီး၊ တစ်ချိန်တည်းမှာပင် အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရေကြီးရေလျှံမှုအန္တရာယ်များကြောင့် နွေစပါးရိတ်သိမ်းမှုကိုခြိမ်းခြောက်လျက်ရှိသည်။

အိန္ဒိယ၏ဆန်ကွဲ ၅ ရာခိုင်နှုန်းပါ ပေါင်းဆန်ဈေးသည် ပြီးခဲ့သည့်အပတ်တွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၄ – ၃၅၀ ရှိရာမှ ယခုအပတ်တွင် အမေရိကန်ဒေါ်လာ ၃၃၇–၃၄၄ အထိ အနိမ့်ဆုံးဈေးနှုန်းသတ်မှတ်ထားရှိခဲ့သော်လည်း အမှန်တကယ်ရရှိခဲ့သည့် ပေါင်းဆန်ဈေးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၆ – ၃၄၀ အတွင်း ဈေးရရှိခဲ့ကြောင်း ဖော်ပြထားသည်။

"သဘော်တင်ခများမြင့်မားနေခြင်းကြောင့် အာဖရိကနိုင်ငံများဆီက ဝယ်လိုအားသည် အားနည်းနေဆဲဖြစ်ကြောင်း၊ အိန္ဒိယကုန်သည်များသည် ဝယ်ယူသူများကို ဆွဲဆောင်ရန်အတွက် ရူပီးငွေတန်ဖိုးကျဆင်းမှုကိုထည့်သွင်းတွက်ချက်ပြီး ဈေးနှုန်းများ လျှော့ချနေကြကြောင်း"ကောလ်ကတ္တားအခြေစိုက် ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

အိန္ဒိယရူပီးငွေသည် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၉၅ ဒသမ ၃၃ ရူပီးအထိစံချိန်တင်ကျဆင်းသွားခဲ့ရာ၊ ယင်းသည် ပြည်ပသို့ ဆန်တင်ပို့ရောင်းချသူများအတွက် အကျိုးအမြတ်ပိုမိုရရှိစေသည်။

တစ်ချိန်တည်းမှာပင် မုတ်သုံမတိုင်မီ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် အိန္ဒိယနိုင်ငံဘက်မှစီးဆင်းလာသော ရေစီးကြောင်းများကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အရှေ့မြောက်ပိုင်းရှိ မြစ်ရေများမြင့်တက်လာပြီး နွေစပါးရိတ်သိမ်းချိန်တွင် ရေကြီးမှုအန္တရာယ်ပိုမိုမြင့်မားလာကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါရေဘေးအန္တရာယ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဆန်ဈေးနှုန်းများမြင့်တက်နေချိန်နှင့်တိုက်ဆိုင်နေပြီး သန်းနှင့်ချီသောပြည်သူများအတွက် စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ စိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ်စေကြောင်း ဖော်ပြထားသည်။

ထိုင်းနိုင်ငံ၏ ဆန်ကွဲ ၅ ရာခိုင်နှုန်းပါ ဆန်ဈေးသည် ပြီးခဲ့သည့်အပတ်က အမေရိကန်ဒေါ်လာ ၃၉၀ – ၃၉၅ ရှိရာမှ ယခုအပတ်တွင် အမေရိကန်ဒေါ်လာ ၃၉၀–၄၀၀ ဒေါ်လာအထိ အနည်းငယ်မြင့်တက်လာသည်။

ထိုင်းဆန်အတွက် ဝယ်လိုအားမှာ ငြိမ်သက်နေပြီး မလေးရှားကဲ့သို့သောအာရှဈေးကွက်များဆီမှ အော်ဒါများရရှိနေသည်ဟု ကုန်သည်များက ပြောကြားထားသည်။

လာမည့်အပတ်များအတွင်း အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများက ဝယ်လိုအားထပ်မံထွက်ပေါ်လာနိုင်သည်ဟု ဗန်ကောက်အခြေစိုက်ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးနှင့် သယ်ယူပို့ဆောင်ရေးစရိတ်များမြင့်မားလာခြင်းကြောင့် ဆန်ဈေးနှုန်းများမှာ လက်ရှိအဆင့်တွင်သာ ဆက်ရှိနေနိုင် သည် (သို့မဟုတ်) ပိုမိုမြင့်တက်လာနိုင်သည်ဟု ၎င်းက ပြောကြားထားသည်။

ကုန်ကျစရိတ်များမြင့်မားလာခြင်းကြောင့် လယ်သမားများမှာ စပါးစိုက်ပျိုးမှုလျော့နည်းလာနိုင်ပြီး ကာလလတ်တွင် ဆန်လက်ကျန်နည်းပါးသွားနိုင်သည်ဟု အခြားကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

**Source: Asia Rice: Muted demand, weak rupee push India prices lower: The Economic Times: May 02 2026**

**(လွင်ကိုကိုမောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

## အနောက်ဘင်္ဂလားပြည်နယ်၌ အာလူးနှင့် အခြေခံကုန်စည်များ ပြည်နယ်ပြင်ပသို့ တင်ပို့မှုပိတ်ပင်ချက်ကို ဝန်ကြီးချုပ်သစ်ပယ်ဖျက်

အနောက်ဘင်္ဂလားပြည်နယ် ဝန်ကြီးချုပ် ရှုဘာန်ဒူးအဒီကာရီက ပြည်နယ်အတွင်းရှိ အာလူးစိုက်တောင်သူများနှင့် ကုန်သည်များ ကာလရှည်ကြာတောင်းဆိုလာခဲ့သည့်အချက်ကို လိုက်လျောပြီးပြည်နယ်ပြင်ပသို့ အာလူးတင်ပို့မှုပိတ်ပင်ထားခြင်းကို မေလ ၁၄ ရက်နေ့က ပယ်ဖျက်ပေးလိုက်ကြောင်း သိရသည်။

အဆိုပါဖြေလျှော့မှုတွင် အာလူးသာမက ကြက်သွန်နီ၊ စားသောက်ကုန်သီးနှံများ၊ ဆီထွက်သီးနှံများ၊ သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ၊ တိရစ္ဆာန်ထွက်ပစ္စည်းများနှင့် အခြားမရှိမဖြစ် လိုအပ်သော ကုန်စည်အားလုံးကို နိုင်ငံတစ်ဝန်း မည်သည့်ဒေသသို့မဆို အဟန့်အတားမရှိ သယ်ယူပို့ဆောင်ခွင့်ပြုလိုက်ကြောင်း သိရသည်။

“ဒီနေ့ကစပြီး ပြည်နယ်အချင်းချင်း နယ်စပ်ဂိတ်တွေမှာ စိုက်ပျိုးရေး ဒါမှမဟုတ် မွေးမြူရေးထွက်ကုန်သယ်ယူပို့ဆောင်မှုကို ဘယ်သူမှမတားဆီးရဘူး။ နှောင့်ယှက်မှုတွေလည်း မရှိစေရဘူး" ဟု ဝန်ကြီးချုပ် အဒီကာရီက ပြည်နယ်အတွင်းဝန်ရုံးသတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့ကြောင်း သိရသည်။

ယခင်အစိုးရ၏ ညွှန်ကြားချက်များကြောင့် အအေးခန်းသိုလှောင်ရုံပိုင်ရှင်များအနေဖြင့် အာလူးများသိုလှောင်ရန် စိုးရိမ်ထိတ်လန့်မှုများရှိခဲ့ကြောင်းအနောက်ဘင်္ဂလားပြည်နယ်အအေးခန်းသိုလှောင်ရုံလုပ်ငန်းရှင် များအသင်း(West Bengal Cold Storage Association)ဥက္ကဋ္ဌ Subhajit Saha က ပြောကြားခဲ့ကြောင်း သိရသည်။

၂၀၂၄ခုနှစ်၌အစိုးရချမှတ်ခဲ့သောအမိန့်ကြောင့်တောင်သူများ များစွာဆုံးရှုံးနစ်နာခဲ့ရကြောင်း၊အဆိုပါအမိန့်အပေါ် ကြောက်ရွံ့မှုများကြောင့် ၂၀၂၅ နှင့် ၂၀၂၆ ခုနှစ်များတွင် အသင်း၏အအေးခန်းများ၌ အာလူးသိုလှောင်ခြင်းများမလုပ်ခဲ့ရကြောင်း၊ ထို့ကြောင့် အာလူးအထွက်နှုန်း အများစုအနေဖြင့် စိုက်ခင်းများထဲ၌ပင် ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရသည်။

လက်ရှိတွင် ပြည်နယ်အတွင်း အာလူးတန်ချိန်တစ်သန်းခန့်လက်ကျန်ရှိနေပြီးငင်းတို့ကို အခြားပြည်နယ်များသို့ တင်ပို့ရမည်ဖြစ်ကြောင်း အသင်းက ဆက်လက်ပြောကြားခဲ့သည်။

"ဒီနှစ်မှာ တောင်သူတိုင်းဟာချွေးနဲ့စာတွေရင်းပြီး စိုက်ပျိုးခဲ့ပေမဲ့ဘဏ္ဍာရေးအရဆုံးရှုံးမှုတွေနဲ့ပဲ ရင်ဆိုင်ခဲ့ရပါတယ်၊ ဒီအကျိုးဆက်တွေကို မကြာသေးမီက ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲရလဒ်တွေမှာ မြင်တွေ့ခဲ့ရပြီးဖြစ်ပါတယ်" ဟု ၎င်းက ထည့်သွင်းပြောဆိုခဲ့သည်။

ထို့ပြင်လက်ရှိအခြေအနေကို ဖြေရှင်းနိုင်မည့် လမ်းပြမြေပုံ (Roadmap) ရေးဆွဲအတည်ပြုရန်အတွက် ကော်လ်ကတ္တားမြို့ရှိ Khadya Bhawan ၌ အရေးကြီးသော အစည်းအဝေးတစ်ခုကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**Sources: NDTV: Suvendu Adhikari Lifts Bengal's Inter-State Potato Export Ban**

**(ဖြူသဲနွယ်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

# STOCK EXCHANGE (18.5.2026)

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 p.m, 14th May, 2026

| Trading Volume | Trading Value |
|---|---|
| 17,698 (Shares) | 90,923,850 (MMK) |

### Main Board

As of 1:00 p.m, 14th May, 2026

Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,184 (Shares) | 86,462,650 (MMK) |

| MYANPIX | 607.79 ▼ 5.76 |
|---|---|
| Total Volume (shares) | 17,184 |
| Total Value (MMK) | 86 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,152,910 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 13,500 | ▼ 500 |
| MTSH | 00002 | 6,500 | ▲ 100 |
| MCB | 00003 | 9,400 | ▲ 0 |
| FPB | 00004 | 4,400 | ▲ 0 |
| TMH | 00005 | 3,250 | ▼ 50 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 3,950 | ▲ 0 |
| MAEX | 00008 | 4,200 | ▲ 100 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 18th May, 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 608.89 | +0.76 | +0.12% | 608.13 | 616.52 | 605.74 | 16,939 | 91,085,000 | 8 | 1,154,984 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 p.m, 18th May, 2026

| Trading Volume | Trading Value |
|---|---|
| 27,193 (Shares) | 160,544,000 (MMK) |

### Main Board

As of 1:00 p.m, 18th May, 2026

Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 26,939 (Shares) | 156,085,000 (MMK) |

| MYANPIX | 608.89 ▲ 0.76 |
|---|---|
| Total Volume (shares) | 16,939 |
| Total Value (MMK) | 91 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,154,984 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 13,500 | ▲ 0 |
| MTSH | 00002 | 6,500 | ▲ 0 |
| MCB | 00003 | 9,300 | ▼ 100 |
| FPB | 00004 | 4,500 | ▲ 100 |
| TMH | 00005 | 3,250 | ▼ 50 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 3,950 | ▲ 0 |
| MAEX | 00008 | 4,200 | ▲ 0 |